# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ရုံး၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ နှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၃၁

ပြည်သူ့လွှတ်တော်ရုံး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေသား၊သမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ လွှတ်တော်သဘင်ဆောင်၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်မေစိုး ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ ပြည်သူ့လွှတ်တော်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ "**အနာဂတ်လူငယ် အုပ်တစ်ချပ် သဲတစ်ပွင့်**" ပညာပေး Video clip ပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့် ဒုတိယဥက္ကဋ္ဌနှင့်ဇနီးတို့က တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများကိုယ်စား တက္ကသိုလ်ကျောင်းသား ကျောင်းသူတစ်ဦးစီနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ တို့အား ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီးတို့က အလယ်တန်း ကျောင်းသား၊ ကျောင်းသူများနှင့် မူလတန်းကျောင်းသား၊ကျောင်းသူများကိုယ်စား အလယ်တန်း ကျောင်းသား၊ ကျောင်းသူတစ်ဦးစီနှင့် မူလတန်းကျောင်းသား ကျောင်းသူ တစ်ဦးစီတို့အား ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ရုံးအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်မှုမှာ မူလတန်း ကျောင်းသား၊ ကျောင်းသူ ၁၀၃ ဦး၊ အလယ်တန်း ၆၀ ဦး၊ အထက်တန်း ၂၁ ဦးနှင့် တက္ကသိုလ် ၃၀ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၁၄ ဦး ရှိကာ မူလတန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ၊ ၃ဆင့်ထမင်းချိုင့်၊ ရေဘူးနှင့်လက်ဆွဲခြင်း ၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ၊ ၃ဆင့်ထမင်းချိုင့်၊ ရေဘူးနှင့်လက်ဆွဲခြင်း ၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ၃ဆင့်ထမင်းချိုင့်၊ ရေဘူးနှင့်လက်ဆွဲခြင်း ၊ တက္ကသိုလ် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၀ နှင့် ၃ဆင့်ထမင်းချိုင့် စုစုပေါင်းထောက်ပံ့မှု တန်ဖိုးငွေကျပ် ၁၄၄၉၁၀၀၀ ကို ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။